ကလေးအခွင့်အရေးသင်ခန်းစာ (၅)
ကလေးများပါဝင်မှု
**Child Participation**

ရည်ရွယ်ချက်

- ကလေးများ၏ပါဝင်မှုကိုခွင့်ပြုခြင်း၏ကောင်းကျိုးများကို သတိပြုမိစေရန်
- ကလေးများပါဝင်မှုကို အလေးထားအားပေးလုပ်ဆောင်လာစေရန်

လှုပ်ရှားမှု (Activity)

(၁) သင်တန်းသားများကို အတွင်းတွင်တဝိုင်းနှင့် အပြင်တွင်နောက်ထပ်တဝိုင်း ဝိုင်း၍ ရပ်ခိုင်းပါ။
(၂) အတွင်းမှသူများကို ဘောလုံးတလုံးပေး၍ အတွင်းမှလူအချင်းချင်းပုတ်ခိုင်းပါ။ သင်တန်းပို့ချသူလဲ အားပေးပါ။ အပြင်တွင်ရပ်နေသူများကို ပါဝင်ခွင့်မပေးပါနှင့်။
(၃) နောက်တကြိမ်တွင် အတွင်းမှလူနှင့်အပြင်မှလူပြောင်း၍ အတွင်းမှလူများကို ယခင်ကကဲ့သို့ ဘောလုံးပုတ်ခိုင်းပါ။ အပြင်မှလူများကို ယခင်ကအတိုင်း ပါဝင်ခွင့်မပြုပါနှင့်။

## Discussion (အပြန်အလှန်ဆွေးနွေးခြင်း)

သင်တန်းခမ်းမတွင်ပြန်လည်ဝိုင်းထိုင်စေ၍ အောက်ပါမေးခွန်းများမေး၍ ဆွေးနွေးခိုင်းပါ။
– အပြင်တွင်ရောက်၍ ဘော်လုံးပုတ်ခွင့်မရှိသောအခါ ဘယ်လိုခံစားရလဲ။ ဘာကြောင့်လဲ။
– အတွင်းတွင်ဘော်လုံးပုတ်ခွင့်ရသောအခါ ဘယ်လိုခံစားရပါသလဲ။ ဘာကြောင့်လဲ။
– ယခုလှုပ်ရှားမှုတွင်ဖြစ်သလို ပြင်ပလက်တွေ့ဘဝတွင် ပါဝင်ခွင့်မရှိသောသူတွေဟာ ဘယ်သူတွေဖြစ်နိုင်သလဲ။
– ငယ်စဉ်ဘဝက ထိုခံစားချက်မျိုးဖြစ်ပေါ်စေသော မပါဝင်လိုက်ရတဲ့အဖြစ်အပျက်တခုကို ပြန်စဉ်းစားကြည့်ပါ။

တဦးချင်းထိုသို့စဉ်းစားစေပြီး ထိုအဖြစ်အပျက်ကို စာရွက်ပေါ်တွင် ပုံဆွဲ၍ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေဖော်ပြ၍ အုပ်စုကြီးတွင် ပြန်လည်ပြောပြခိုင်းပါ။ ဘယ်လိုဖြစ်ခဲ့ကြောင်း၊ မိမိအနေဖြင့်ဘယ်လိုခံစားရကြောင်းပြောရန် အားပေးပါ။

လူကြီးများသည် ကလေးများအား ကာကွယ်စောင့်ရှောက်ပေးရန်နှင့်ပတ်သက်၍ တော်တော်များများသဘောပေါက်ကြလေ့ရှိသော်လည်း ကလေးများအား သူတို့နှင့်သက်ဆိုင်သောအရေးကိစ္စများနှင့် ဆုံးဖြတ်ချက်များတွင် ဖွံ့ဖြိုးတိုးတက်မှုအလိုက် ပါဝင်ခွင့်ပြုသင့်ကြောင်းကို မစဉ်းစားမိကြချေ။

# Input (အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

## ကလေးများ၏ ပါဝင်မှု (Child participation)

ကလေးအခွင့်အရေးစာချုပ်တွင်တွင် ကလေးများ၏ ပါဝင်မှုနှင့်ပတ်သက်သည့် အုပ်စုကြီးခွဲထားသော်လည်း ဤစကားလုံးကို လုံးဝအသုံးပြုထားခြင်း မရှိသည်ကိုတွေ့ရသည်။ သို့သော် ကလေးများ၏ပါဝင်မှုသဘောတရားနှင့်အဓိပ္ပာယ်တူသည့် အပိုဒ်များ များစွာကို တွေ့ရသည်။


(ဥပမာ) ကလေးတဦးချင်းစီ၏ စိတ်ပိုင်းရုပ်ပိုင်းဖွံ့ဖြိုးမှုအလိုက်

- မိမိအကျိုးနှင့်ဆိုင်သော ဆုံးဖြတ်ချက်တွင် အယူအဆ ဆန္ဒတင်ပြပိုင်ခွင့်
- သတင်းများ ရယူသိရှိခွင့်
- အဖွဲ့အစည်းများတွင် ပါဝင်ခွင့် ခွင့်ပြုထားသည်။


ကလေးများ၏ပါဝင်မှုကို ခွင့်ပြုသူများသည်

- ကလေးအကျိုးအတွက် စိတ်ရင်းကောင်းရှိရန်
- ကလေး၏ ပြင်ပရုပ်ပိုင်း၊ အတွင်းစိတ်ပိုင်း အခြေအနေကို နားလည်ပေးရန်
- ကလေးအခွင့်အရေးများ ဖြည့်ဆည်းပေးရန်
- ကလေးနှင့်အတူ အဖြေရှာ၊ တာဝန်ယူခြင်းလုပ်ဆောင်ရန် တို့ရှိရန်လိုအပ်သည်။

ကလေးများကို ပါဝင်ခွင့်ပြုခြင်း




ကလေးများသည် မိမိကိုယ်ကို မိမိယုံကြည်လာလေလေ ကလေးများ၏တာဝန်ယူ ပါဝင်မှုအားပိုလာလေဖြစ်ပြီး ခွင့်ပြုနိုင်မှုများ များလာမည်ဖြစ်သည်။ ပါဝင်ခွင့် ခွင့်မပြုခံရသော ကလေးများအတွက်မူ မလုပ်ရဲ၊ မကိုင်ရဲသောကြောင့် သူတို့အားခွင့်ပြုရန်မှာ ဖြစ်နိုင်မည်မဟုတ်ပါ။




ကလေးများအပေါ်ထားသောစိတ်ရင်းကောင်းခြင်းကြောင့် ကလေးတို့၏ဆန္ဒအသံများကို လေးစားမှု ပေးခြင်း၊ ပါဝင်ခွင့် ပေးခြင်းတို့ကို တဖြေးဖြေးလုပ်ဆောင် သွားရင်းဖြင့် ကလေးများ၏ ခံစားချက်၊ ဆန္ဒ ၊ လိုလားချက်၊ သူတို့ဖြစ်ချင်သောအရာများကို ပို၍နားလည်လာစေနိုင်သည်။ တဖန်ထိုသို့ကလေးများအပေါ် ပိုမိုနားလည်လာလေလေ၊ မိမိ၏ စိတ်ရင်းစေတနာ ပိုမိုကောင်းမွန်လာလေလေဖြစ်မည်။ စိတ်ရင်းစေတနာကောင်းဖြင့် ကလေးအပေါ်စေတနာအပြည့်ထားကာ ဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်ပေးခဲ့သောကြောင့် ကလေးဖက်မှလဲ နားလည်မှုများလာ၍ တဖြည်းဖြည်းနှင့် ကလေးနှင့် မိမိတို့သည် ပြဿနာကို ဖြေရှင်းဖော်၊ လက်တွဲ ဖော်အနေဖြင့် တဦးကိုတဦး မြင်လာကြသည်။ ထိုသို့ပိုရင်းနှီးနားလည်လာလေလေ မိမိ၏စိတ်ရင်းများမှာလဲ ကလေးအပေါ် ပိုမိုကောင်းလာလေလေဖြစ်သည်။ တချို့က ကလေးများကို ပြဿနာကောင်းကလေးများအဖြစ်

သဘောထားနေလေ့ရှိသောကြောင့် ကလေးများကို ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ခွင့်မပြုသဖြင့် အကျိုးဆက်အနေဖြင့် ကလေးနှင့်အနေစိမ်းပြီး ဘာကြောင့် ကလေးများဆိုး နေရသည်ကိုလည်း သိနားလည်နိုင်မည်မဟုတ်ပါ။ ကလေးများ၏ပါဝင်ခွင့်ကို ကလေးတဦးချင်းစီ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအလိုက် လူကြီးကခွင့်ပြုနိုင်သည်။ ကလေးတယောက်နှင့်တယောက် ပါဝင်ခွင့်ပြုနိုင်သောအဆင့်တူနိုင်မည်မဟုတ်ပါ။

ကလေးများ ပါဝင်မှုနှင့် ပတ်သက်၍ အဆင့်အလိုက် တဆင့်ပြီးတဆင့် လှေခါးထစ်ပုံစံသဖွယ်ရှိသည်ဟု အချို့က ထောက်ပြပါသည်။
ထိုပုံစံမှာ

ကလေးကဦးဆောင်၍ လူကြီးနှင့်အတူ ဆုံးဖြတ်ချက်ချမှတ်ခြင်း (Child initiated, shared decisions with adult)

ကလေးကဦးဆောင်၍ လူကြီးက လမ်းညွှန်ပေးခြင်း
Child initiated and directed

လူကြီးကဦးဆောင်၍ ဆုံးဖြတ်ချက်ကို ကလေးနှင့် အတူချခြင်း
Adult initiated, shared decision with children

ကလေးနှင့်တိုင်ပင်ပြီး အကြောင်းအရာများကို အသိပေးခြင်း
Consulted and informed

တာဝန်ပေးပြီး လိုအပ်ချက်များကို အသိပေးခြင်း
Assigned but informed

အမြင်ကောင်းသော်လည်းအမှန်ပါဝင်မှုမရှိခြင်း
Tokenism

ဇန်းပြထားခြင်း
Decoration

ထိမ်းချုပ်ထားခြင်း
Manipulation

**Deepening** (သင်တန်းသားများ၏လက်တွေ့အဖြစ်နှင့်နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)
သင်တန်းသားများကို နှစ်စုခွဲပါ။ ထိုနှစ်ဖွဲ့ကို "ကလေးများကို ဆုံးဖြတ်ချက်ချရာ၌ ပါဝင်စေခြင်းသည် ကလေးများကို ပိုမိုဆိုးသွမ်းစေသည်။" ဟူသောခေါင်းစဉ်ဖြင့် အခြေအတင်ပြောဆိုခိုင်းပါ။

**Synthesis** (မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)
သင်တန်းသားများ ဆွေးနွေးသည့်အချက်များအထဲမှ ကလေးများအား ပါဝင်ခွင့်ပြုခြင်း၏ အာကောင်းချက်များ၊ ထိုသို့ပါဝင်မှုပြုရာတွင် သတိထားသောအချက်များကို သင်ပုန်းတွင် အနှစ်ချုပ်ရေးသားပါ။

ကလေးများကို ပါဝင်ခွင့်ပြုရာတွင် ကောင်းကျိုးများရှိသော်လည်း တချိန်ထည်းမှာပင် ကလေးများကို မလိုလားအပ်သောအန္တရာယ်များမကျရောက်စေရန် ကာကွယ်ပေးရန်မှာလည်း လူကြီးများ၏ တာဝန်ရှိနေကြောင်း သင်တန်းသားများ သဘောပေါက်ပါစေ။